# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လူ့အခွင့်အရေးအခြေအနေ အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၇)
ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ထွက်ရှိသော အဖွဲ့အစည်း သုံးခု၏ အစီရင်ခံစာသုံးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း/ဆောင်းပါး အပုဒ်ရေ ၇၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားထားသည်။ ဩဂုတ်လအတွင်း အနှစ်ချုပ် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးဆိုင်ရာ အခြေအနေ သုံးသပ်ချက်များ
၂။ နွေလုံခြုံရေးတပ်ဖွဲ့ဝင်များ နွေဦးတော်လှန်ရေးဘက်သို့ ဘက်ပြောင်းလာမှုနှင့်ပတ်သက်သည့် အစီရင်ခံစာ
၃။ အခြေခံမှ အဆင့်ဆင့်တည်ဆောက်ထားသော ဖက်ဒရယ်စနစ် ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံ နမူနာ အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ အကျဉ်းကျခံရစဉ် ကွယ်လွန်ခဲ့ရသော မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်
၂။ စီပါရွာမှ စစ်ကောင်စီ လူမဆန်သော ရက်စက်ကြမ်းကြုပ်မှု
၃။ အာဏာရှင်ဟောင်း ဦးသန်းရွှေ သားမက် ဒေါက်တာနေစိုးမောင်ကို စစ်ကောင်စီ ဖမ်းဆီး
၄။ လုံခြုံရေးတင်းကြပ်နေသည့်ကြားမှ ပေါ်ထွက်လာသော မန္တလေး ဘူးသပိတ်

# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေး အစီရင်ခံစာများ

## ၁။ မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေး ဆိုင်ရာ အခြေအနေသုံးသပ်ချက်များ

မြန်မာနိုင်ငံ၏ စစ်ရေးပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ငြိမ်းချမ်းရေးနှင့် လူမှုဘဝလုံခြုံရေးဆိုင်ရာအခြေအနေ သုံးသပ်ချက်များနှင့် ပတ်သက်ပြီး ဇူလိုင်-စက်တင်ဘာ သုံးလတာကာလအတွက် အစီရင်ခံစာကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် မြန်မာအမျိုးသမီးသမဂ္ဂ (Burma Women's Union) က ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာသည် သတင်းဆောင်းပါးများ၊ အဖွဲ့အစည်းဆိုင်ရာ အစီရင်ခံစာများ၊ သုတေသနပြုချက်စာစောင်များကဲ့သို့သော ဆင့်ပွားသုတေသနအချက်အလက်အပေါ် အခြေခံ၍ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အမျိုးသမီးများ၊ တရားမဝင်စစ်မှုထမ်းခြင်းဆိုင်ရာ ဥပဒေ၊ အမျိုးသမီးများနှင့် စီးပွားရေးအခြေအနေ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူ အမျိုးသမီးများအတွက် တရားမျှတမှု ရရှိရေးနှင့် ၎င်းတို့ကို အကာအကွယ်ပေးမှုအခြေအနေ၊ အမျိုးသမီးစစ်ရှောင်များနှင့် ၎င်းတို့၏ လူမှုဘဝအခြေအနေများကို သုံးသပ်တင်ပြထားခြင်း ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း အမျိုးသမီး ၁၉၆ ဦး သေဆုံးခဲ့ကာ၊ ၁၆၄ ဦး ဒဏ်ရာ ရရှိခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် အမျိုးသမီးလေးဦးထက်မနည်း သေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့၏ လက်၊ ခြေထောက်များ ဆုံးရှုံးခဲ့ရသည်ဟု အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။

မြန်မာနိုင်ငံရှိ မိဘများနှင့် အမျိုးသမီးများသည် တရားမဝင်စစ်မှုထမ်း ဥပဒေကြောင့် စစ်မှုထမ်းရမည်ဟု ခြိမ်းခြောက်မှုများ၊ စိုးရိမ်ပူပန်ခြင်းများဖြင့် နေထိုင်နေရသကဲ့သို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများသည်လည်း မတရားဖမ်းဆီးခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ ဥစ္စာပစ္စည်းများဖျက်ဆီးခံရခြင်းနှင့် ထောင်တွင်းညှဉ်းပန်းနှိပ်စက်ခံရခြင်းစသည့် အန္တရာယ်များကို ကျရောက်နိုင်သည့် အနေအထားများ ကြုံတွေ့လျက် ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာသည်နှင့်အမျှ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုများ မြင့်တက်လျက်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

## ၂။ နွေလုံခြုံရေးတပ်ဖွဲ့ဝင်များ နွေဦးတော်လှန်ရေးဘက်သို့ ဘက်ပြောင်းလာမှုနှင့်ပတ်သက်သည့် အစီရင်ခံစာ

အဟောင်းစွန့်၍ အသစ်တည်ဆောက်ခြင်း သို့မဟုတ် နွေဦးတော်လှန်ရေးသို့ ဘက်ပြောင်းပူးပေါင်းခြင်း အစီရင်ခံစာကို ပြည်သူ့ပန်းတိုင်အဖွဲ့က ၂၀၂၄ ခုနှစ် အောက်တိုဘာလ၌ ထုတ်ဝေခဲ့သည်။ ယင်းအစီရင်ခံစာတွင် စစ်တပ်အတွင်း အဂတိလိုက်စားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အမြတ်ထုတ်မှုများ၊ စိတ်ဓာတ်ပျက်ပြားနေမှုများ စသည့်အခြေအနေများအပြင် မြန်မာနိုင်ငံသမိုင်းတလျှောက် စစ်တပ်ဘက်က မကြုံစဖူး ကြီးမားလှသည့် ဘက်ပြောင်းမှုများနှင့် စစ်တပ်နှင့် ပြည်သူများအကြား ရပ်တည်ချက်ပြောင်းလဲမှုများ ရှိနေကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဒီမိုကရေစီဘက်တော်သားများ၊ တော်လှန်ရေးခေါင်းဆောင်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်ဟောင်းများနှင့် အကျိုးရှိသော တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်သောကြောင့် ဆွေးနွေးပွဲများသည် စစ်အုပ်စုအလွန်ကာလ မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြန်လည်ကုစားရေးအတွက် ဖြစ်နိုင်ခြေအလားအလာကို မျှော်လင့်ရနိုင်ကြောင်း ဖော်ပြထားသည်။

ယင်းအစီရင်ခံစာသည် ဇန်နဝါရီ ၂၀၂၃ မှ ဩဂုတ်လ ၂၀၂၄ အတွင်း ကျင်းပခဲ့သော အွန်လိုင်းစကားဝိုင်း ဆွေးနွေးပွဲ ၅၄ ခုခန့်မှ အဓိကအချက်အလက်များကို ထုတ်နုတ်ပြီး ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားခြင်း ဖြစ်သည်။ ပါဝင်ဆွေးနွေးသူများထဲတွင် စစ်တပ်ဘက်မှ ဘက်ပြောင်းလာသူ ၅၀ ရာခိုင်နှုန်းနီးပါး ပါဝင်ကာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းများအကြောင်းကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆွေးနွေးခဲ့ကြသည့်အစီရင်ခံစာ၏ သုတေသနနည်းစနစ်တွင် ဖော်ပြထားသည်။

အစီရင်ခံစာကို မြန်မာစစ်တပ်၏ ဖွဲ့စည်းပုံ၊ အတွေးအခေါ်အယူအဆများနှင့် အာဏာသိမ်းပြီးနောက်ပိုင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပြောင်းလဲလာသော သဘောထားများ၊ တော်လှန်ရေး၏ဖွဲ့စည်းပုံ၊ အတွေးအခေါ်အယူအဆများနှင့် တော်လှန်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များမှ ဘက်ပြောင်းလာသူများကြားဆက်ဆံရေးနှင့် မူဝါဒဆိုင်ရာအကြံပြုချက်များဟူ၍ အဓိကခေါင်းစဉ်သုံးခုဖြင့် ရေးသားထားပြီး စစ်အုပ်စု၏ လုံခြုံရေးတပ်ဖွဲ့များမှ ဘက်ပြောင်းမှုများ၊ တပ်တွင်းစွန့်ခွာမှုများနှင့် လက်နက်ချမှုများသည် လာမည့်နှစ်အတွင်း အရေအတွက် အားဖြင့် ၂၀,၀၀၀ ကျော်လာနိုင်သည်ဟု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government)နှင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council)၊ နိုင်ငံတကာအစိုးရများ (အမေရိကန်၊ ဥရောပသမဂ္ဂ)နှင့် အာဆီယံအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

## ၃။ အခြေခံမှ အဆင့်ဆင့်တည်ဆောက်ထားသော ဖက်ဒရယ်စနစ် ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံ စံနမူနာ အစီရင်ခံစာ

အခြေခံမှ အဆင့်ဆင့်တည်ဆောက်ထားသော ဖက်ဒရယ်စနစ် ကရင်နီတို့၏ နိုင်ငံတည်ဆောက်ပုံ စံနမူနာ (Federal-ism fromte Ground Up: The Karenni Model of Nation-State Building) စာတမ်းကို ကရင်နီလူမှုအသင်းအဖွဲ့များ ကွန်ရက် (Karenni Civil Society Network-KCSN)၊ ကရင်နီအမျိုးသမီး အစည်းအရုံး (Karenni National Women's Organization)၊ ကရင်နီပြည်လူငယ်များသမဂ္ဂ (The Union of Karenni State Youth)၊ ရှေ့ပြေးအသံအဖွဲ့ (Progressive Voice) တို့က ပူးပေါင်းရေးသားထုတ်ဝေခဲ့သည်။

ယင်းစာတမ်းသည် မြန်မာစစ်အုပ်စု၏ ကျရှုံးနေသောအာဏာသိမ်းရေးကြိုးပမ်းမှုအပေါ် တနိုင်ငံလုံး တန်ပြန်တုံ့ပြန် ဆောင်ရွက်မှု၏ အစိတ်အပိုင်းဖြစ်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် ရှေ့ဆောင်လမ်းပြဖြစ်သည့် အောက်ခြေမှ အဆင့်ဆင့်တည်ဆောက်ထားသော ကရင်နီပြည်ကြားကာလအစိုးရ၏ ဖွဲ့စည်းမှုနှင့် တိုးတက်ပြောင်းလဲမှု တို့ကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ စာတမ်းအတွက် လေ့လာမှုကို ကရင်နီပြည်တွင်းနှင့် ထိုင်း-ကရင်နီနယ်စပ် တလျှောက်ရှိ ဒေသခံအုပ်ချုပ်ရေးမှူးများ၊ CSO များ၊ ကရင်နီပြည်ကြားကာလအစိုးရအဖွဲ့ဝင်များနှင့် မေးမြန်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် တစိတ်တပိုင်းပုံစံချထားသော တွေ့ဆုံမေးမြန်းမှုနှင့် ဦးတည်အစု အဖွဲ့အဆွေးနွေးမှု ၁၄ ခုကို လူကိုယ်တိုင်နှင့် အွန်လိုင်းမှတဆင့်မေးမြန်းမှုများ ပြုလုပ်ခဲ့သည်ဟု စာတမ်းတွင် ဖော်ပြ ထားသည်။

စာတမ်းတွင် စစ်အုပ်စု၏ ကျရှုံးနေသောအာဏာသိမ်းရေးကြိုးပမ်းမှုနောက်ပိုင်း မြန်မာပြည်သူများသည် စစ်အုပ်စုက တနိုင်ငံလုံးအနှံ့ ဖော်ဆောင်နေသော အကြမ်းဖက်စစ်ဆင်ရေးကို ခံစားနေရကြောင်း ဦးစွာဖော်ပြထားသည်။ ကရင်နီပြည်ရှိ ဆင့်ကဲဖြစ်ပေါ်ပြောင်းလဲနေသော အုပ်ချုပ်ရေးစနစ်ကို အလွှာစုံအားလုံးပါဝင်သော အုပ်ချုပ်ရေးစနစ် (multi-level in-clusive govenance system – MIGS) တခုအဖြစ် ပုံဖော်ထားကြောင်း ရေးသားထားသည်။ ကရင်နီအုပ်ချုပ်ရေးပုံစံ သည် ကရင်နီပြည်သူများ၏ နိုင်ငံရေးရည်ရွယ်ချက်ကို မြင့်တင်ပေးရုံသာမက ပိုမိုကျယ်ပြန့်သော မြန်မာ့နွေဦးတော်လှန်ရေး၏ ဖက်ဒရယ်ဒီမိုကရေစီ မျှော်မှန်းချက်များကိုပါ တထောင့်တနေရာမှ ပံ့ပိုးနေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

စာတမ်း၏ နိဂုံးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီများပေးရာတွင်နှင့် ကရင်နီပြည်သစ် တည်ဆောက် ရေး ဆောင်ရွက်သည့်အဆင့်တိုင်းတွင် ထိရှလွယ်အုပ်စုများပါ ပါဝင်နိုင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အလှူ ရှင်များ၊ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council – KSCC)၊ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီ (Interim Executive Council of Karenni State – IEC)၊ ကရင်နီပြည်ကြားကာလလွှတ်တော် (Karenni State Interim Parliament – KSIP) နှင့် ကရင်နီပြည်ကြားကာလတရားစီရင်ရေး (Karenni State Interim Judiciary – KSIJ) တို့ကို အကြံပြုထားသည်။

# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

## ၁။ အကျဉ်းကျခံရစဉ် ကွယ်လွန်ခဲ့ရသော မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ ဒုဥက္ကဋ္ဌ၊ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် အောက်တိုဘာလ ၇ ရက်နေ့ မနက်ပိုင်း၌ မန္တလေးဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီး ချိန်မှစ၍ အကျဉ်းချခံခဲ့ရပြီး အကျဉ်းကျနေစဉ် သွေးကင်ဆာရောဂါအပြင် ကိုဗစ်ရောဂါ ခံစားခဲ့ရပြီးနောက် ကျန်းမာရေး ပိုမိုဆိုး ရွားလာခဲ့သည်။ နှစ်ရှည်ခံစားနေခဲ့ရသော သွေးကင်ဆာရောဂါအတွက် ကျွမ်းကျင်ဆရာဝန်မရှိသော ထောင် တွင်း၌ လုံလောက်သော ဆေးဝါးကုသမှုမရရှိဘဲ နေထိုင်ခဲ့ရပြီး ကျန်းမာရေး အဆိုးရွားဆုံးအခြေအနေရောက်မှသာ အကျဉ်းထောင်မှ မန္တလေးဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမှုခံယူခွင့် ရရှိခဲ့သည်။ အောက်တိုဘာလ ၆ ရက်နေ့ မန္တလေးဆေးရုံ ကြီး၊ အထူးကြပ်မတ်ဆောင် (ICU) ၌ ဆေးကုသမှုခံယူနေချိန်တွင် ကျခံထားရသော ပြစ်ဒဏ်များကို ပုဒ်မ ၄၀၁ ပုဒ်မခွဲ ၁ အရ စည်းကမ်းသတ်မှတ်ချက်နှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း စစ်ကောင်စီက ထုတ်ပြန်ခဲ့ပြီး အောက်တိုဘာလ၊ ၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၇၃ နှစ်ရှိပြီဖြစ်ပြီး ဖြတ်သန်းခဲ့သော နိုင်ငံရေးခရီးကြမ်း၌ အကျဉ်းထောင်ထဲတွင် နှစ်ပေါင်း ၂၀ ကျော် နေထိုင်ခဲ့ရသူဖြစ်သည်။

စစ်ကောင်စီ၏ အာဏာသိမ်းနှစ်များအတွင်း ဒေါက်တာဇော်မြင့်မောင်ကဲ့သို့ ဆေးဝါးကုသမှု လုံလောက်စွာ မရရှိသော ကြောင့် ထောင်တွင်းသေဆုံးခဲ့ရသော နိုင်ငံရေးအကျဉ်းသားများစွာရှိခဲ့ပြီး မသေသင့်သော အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ ရသည်။

## ၂။ စီပါရွာမှ စစ်ကောင်စီ လူမဆန်သော ရက်စက်ကြမ်းကြုပ်မှု

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ စီပါရွာ၌ စစ်ကောင်စီတပ်များ အပြစ်မဲ့ ပြစ်သူများကို ခုတ်ထစ်သတ်ဖြတ်ခဲ့ကြောင်း သတင်းမီဒီယာများတွင် ပျံ့နှံ့လျက်ရှိပြီး ဤသတင်းကို Myanmar Now၊ BBC၊ RFA ၊ DVB ၊ မဇ္ဈိမနှင့် ဧရာဝတီသတင်းဌာနများမှ အဓိက သိရှိရသည်။

စက်တင်ဘာ ၃၀ ရက်နေ့က ဘုတလင်မြို့နယ်၊ စီပါရွာအနီး စစ်ကြောင်း ထိုးလာသော စစ်ကောင်စီတပ်များကို ဒေသ ကာကွယ်ရေးတပ်ဖွဲ့များက ကြားဖြတ်တိုက်ခိုက်ခဲ့မှုကြောင့် စစ်ကောင်စီစစ်ကြောင်းတစ်ခုလုံး ပျက်စီးခဲ့ပြီး ဗိုလ်ကြီး နှစ် ဦးအပါအဝင် စစ်သုံ့ပန်း ၄၀ ကျော် ဖမ်းဆီးရမိကာ စစ်သား ၃၀ ကျော်သေဆုံးခဲ့သည်။ ထို့အပြင် မုံရွာမြို့တွင်ရှိသော အ နောက်မြောက်တိုင်းစစ်ဌာနချုပ်ကို စစ်ကောင်စီ ဒုခေါင်းဆောင် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းရောက်ရှိချိန်တွင် ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရသည်။ ထိုဖြစ်စဉ်များဖြစ်ပွားပြီး တပတ်အကြာတွင် မုံရွာဘက်မှ ထွက်လာသော စစ်ကောင်စီ စစ်ကြောင်း သည် ဘုတလင်မြို့ တောင်ဘက်မှမြောက်ဘက် လမ်းတလျှောက်ရှိ ရွာများကို ဦးတည်စစ်ကြောင်းထိုးခဲ့ပြီး အောက်တို ဘာ ၁၈ ရက်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် စီပါရွာသို့ ဝင်ရောက်ခဲ့သည်။ စီပါရွာအတွင်း၌ ဒေသခံ ပြည်သူခြောက် ဦးကို ခန္ဓာကိုယ်အစိတ်အပိုင်းများ တစစီဖြစ်စေရန် ခုတ်ထစ်သတ်ဖြတ်ခဲ့ပြီး ဦးခေါင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို

အိမ်ခြံစည်းရိုးတွင် ချိတ်ဆွဲထားခြင်းကြောင့် လူအများ စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ရသည်။ ယခုစစ်ကြောင်းသည် ဘုတလင် မြို့ပေါ်နှင့် ကျေးရွာများရှိ ဒေသခံ ၂၂ ဦးကို သတ်ဖြတ်ခဲ့ပြီး ထိုအထဲတွင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များလည်း ပါဝင်သည်။

စစ်ကြောင်းဆုံးရှုံးမှုကြုံလာရတိုင်း အပြစ်မဲ့ ပြည်သူများအပေါ် အကြမ်းဖက်နှိပ်စက်သတ်ဖြတ်ခြင်းမှာ မြန်မာစစ်တပ်၏ အစဉ်အလာပင်ဖြစ်သော်လည်း ယခုဖြစ်ရပ်ကြောင့် တစုင်ငံလုံးရှိ ပြည်သူများ ကြောက်ရွံ့တုန်လှုပ်ပြီး စိတ်နှလုံးထိခိုက်ခဲ့ ရသည်။

## ၃။ အာဏာရှင်ဟောင်း ဦးသန်းရွှေသားမက် ဒေါက်တာနေစိုးမောင်ကို စစ်ကောင်စီ ဖမ်းဆီး

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဒေါက်တာနေစိုးမောင်ကို မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ရဲစခန်းမှ ဖမ်းဆီးကာ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် အွန် လိုင်းလူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ခဲ့ခြင်းကြောင့် ဖမ်းဆီးအရေးယူခြင်းဖြစ်သည်ဟု ရေးသားဖော်ပြပြီး မည်သည့် ပုဒ်မများဖြင့် အမှုဖွင့်ထားသည်ကို ဖော်ပြထားခြင်းမရှိပေ။ ဒေါက်တာနေစိုးမောင်သည် မန္တလေးတိုင်း ဝန်ကြီးချုပ်၊ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဒုဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင် ထောင်ဒဏ်နှစ်ရှည်ကျခံရစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ "နောင်ဘဝမှာ လူဖြစ်ခဲ့လျှင်၊ လွတ်လပ်တရားမျှတပြီး လူကိုလူလို ဆက်ဆံတဲ့နိုင်ငံမှာ လူပြန်ဖြစ်ပြီး လူသားတွေရဲ့ အ ကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေ" ဟု လူမှုကွန်ရက်စာမျက်နှာတွင်ရေးသားခဲ့ပြီး ဝန်ကြီးချုပ်၏နာရေးသို့ သွားရောက် ပို့ဆောင်စဉ် အဖမ်းခံခဲ့ရသည်ဟု သတင်းထွက်ပေါ်ခဲ့သည်။

လူမှုကွန်ရက်စာမျက်နှာပေါ်တွင် စစ်ကောင်စီကို ဝေဖန်ရေးသားသူများအပေါ် ဖမ်းဆီးအရေးယူခဲ့မှု အမြောက်အများ ရှိခဲ့ သော်လည်း နအဖခေတ် ထိပ်ပိုင်းခေါင်းဆောင်များ၏ ဆွေမျိုးများကို ဖမ်းဆီးခြင်းမှာ အာဏာသိမ်းယူပြီးနောက် ပထမ ဆုံးအကြိမ် ဖြစ်သည်။

## ၄။ လုံခြုံရေးတင်းကြပ်နေသည့်ကြားမှ ပေါ်ထွက်လာသော မန္တလေး ဘူးသပိတ်

အောက်တိုဘာလ ၂၄ ရက်နေ့တွင် လူမှုကွန်ရက်စာမျက်နှာ၌ ဒေါက်တာတေဇာဆန်းက စစ်ကောင်စီလုံခြုံရေးတင်းကြပ် ထားသော မန္တလေးမြို့ပေါ်၌ "ဂန္ထဝင်မြို့ကြီးက တော်လှန်တိုက်ပွဲများ" ခေါင်းစဉ်ဖြင့် ဆန္ဒပြ လူထုသပိတ်ဆင်နွှဲခဲ့ကြောင်း ဓာတ်ပုံများနှင့်တကွ ဖော်ပြခဲ့ပြီး စစ်အာဏာရှင်ဆန့်ကျင်ရေးသည် အရေးပေါ်အခြေအနေဖြစ်သောကြောင့် ပြည်သူအား လုံး တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းခဲ့သည်။ ထိုသပိတ်လှုပ်ရှားမှုတွင် အကြမ်းမဖက်အာဏာဖီဆန် ရေးလှုပ်ရှားမှု (CDM) နှင့် "ဘူး" သပိတ် (Boycott and Social Punishment) လှုပ်ရှားမှုများပါဝင်ပြီး "ဘူး" သပိတ်တွင် "စစ်ကောင်စီကို ပြည်သူများတွေ လက်မခံဘူး၊ မပူးပေါင်းဘူး၊ မနာခံဘူး၊ အခွန်အခ မပေးဘူး၊ စစ်တပ်ပိုင် ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို မသုံး "ဘူး"၊ မဝယ် "ဘူး"၊ မသယ် "ဘူး" ၊ မရောင်း "ဘူး"၊ စစ်တပ်ထောက်တိုင်တွေကို လက်မခံ "ဘူး" စသောအချက်များပါဝင်သည့်အပြင် စစ်ကောင်စီ အကောင်အထည်ဖော်ရန် ကြိုးစားနေသော ရွေးကောက်ပွဲကို လက်မခံ "ဘူး" နှင့် မဲ ထွက်မပေး "ဘူး" စသောအချက်များလည်း လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများတွင် စစ်ကောင်စီမှ လုံခြုံရေးတင်းကြပ်ထားသည့်ကြားမှ မြို့ပြသပိတ်ကို ဆက်လက်ဖော်ဆောင်နေခြင်းဖြစ်ပြီး နိုင်ငံတကာက မြန်မာ့အရေးကို အာရုံပိုစိုက်လာရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု မှတ်ယူထားခြင်းကြောင့် အခက်အခဲများကြားမှ ယခုလို မြို့ပြသပိတ်များကို ဖော်ဆောင်နေကြခြင်းဖြစ်သည်ဟု သပိတ်ခေါင်းဆောင်များ၏ ပြောဆိုချက်များလည်း မီဒီယာများက တင်ပြထားသည်။ ဒေါက်တာတေဇာဆန်းသည် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုတွင် ပထမဆုံးအာဏာဖီဆန်ဆန္ဒပြလှုပ်ရှားသူတဦးဖြစ်ပြီး လက်ရှိအချိန်ထိ လူထုသပိတ်များတွင် ဦးဆောင်ပါဝင်နေသူလည်းဖြစ်သည်။